# ကြယ်နီတပွင့်

အချိန်ကား- (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်။
နေရာကား- ရန်ကုန်မြို့၊ ဆင်ခြေဖုံး ရပ်ကွက်တနေရာ။

'မြေးလေးကလဲ နောက်ကျလိုက်တာကွယ်။ ဘာများ ဖြစ်နေသလဲ မသိဘူး'

မှောင်ရိပ်က သန်းနေပေမယ့် လက်ကျန် ဖယောင်းတိုင်တိုလေးကို မီးမညှိရဲ။ မြေးလေးပြန်လာပြီးမှ ထမင်းလက်ဆုံ စားကြရမှာမို့ ဖယောင်းတိုင်တိုလေးကို မီးညှိလို့ မဖြစ်နိုင်။ မြေးအဖွားနှစ်ယောက်ထဲ ရှိနေတဲ့ဘဝမှာ မြေးလေးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီးမှ ထမင်းစားလို့ မြိန်ခဲ့ရတဲ့ အချိန်ကာလတွေက ကြာခဲ့ပါပကောလား။

'ဒီကလေးနှယ်နော်။ ဒုက္ခပါပဲ'

ကျိုးတို့ ကျဲတဲ ကြမ်းပြင်လေးပေါ်မှာ ခင်းထားတဲ့ ဖျာစုတ်လေးပေါ်မှာ လှဲချရင်း မြေးလေးအလာကို စောင့်မျှော်နေမိသည်။ အသက်ရှစ်ဆယ်အရွယ် ဇရာက ဖိစီးလာတာကြောင့်လား မသိ။ စိတ်က နည်းနည်း ပန်းလိုက်တာနဲ့ လူက မောပြီး နုံးချိနေတတ်သည်။ မြို့ထဲမှာ စျေးသွားရောင်းသော ပုံကျစျေးသည် မြေးလေး ပြန်လာမှသာ ညနေစာဟင်းလေးများ ပါလာတာမို့ နေ့လည်စာ မစားထားရသည့် ဝမ်းဗိုက်ထဲက တကြုတ်ကြုတ်မြည်နေပြန်သည်။

အပြင်က အမှောင်ထုက တစတစ ကြီးစိုးလို့ လာနေသည်။ မြေးလေး အရိပ်အယောင်ကား ပေါ်မလာသေး။ စိတ်ပူပန်ရလွန်း၍ ရင်ဘတ်ထဲက အောင့်သလို ဖြစ်လာသည်။ အောင့်နေသော ရင်ဘတ်လေးကို ဖိရင်း မေတ္တာသုတ်ကို ရွတ်ဆိုပွားများနေမိသည်။ အခုတလော မြေးလေးပြန်ပြောနေတာတော့ ကြားရသည်။ မြန်မာပြည် ငြိမ်းချမ်းရေးအတွက် သံဃာတော်များက စီတန်းလှည့်လည်ပြီး မေတ္တာပို့ ဆုတောင်းပေးနေကြသည်တဲ့။

'အဖွား၊ သားပြန်လာပြီ'

ရုတ်တရက် မြေးလေးရဲ့အသံကို ကြားလိုက်ရတော့ ဝမ်းသာသွားမိသည်။ ဒါပေမယ့် မြေးလေးအသံက ခါတိုင်းလို မဟုတ်။ မောပန်းနေသည်။ တိမ်ဝင်နေသည်။ တခုခုများ ဖြစ်နေလေရော့သလား။

'ဖိုးသားလေးရေ၊ အဖွားဒီမှာ'

အမှောင်ထဲမှာမို့ မြေးလေးကို အသံပြုရသည်။ မြေးလေးက အဖွားနားသို့ တရွေ့ရွေ့ လျှောက်လာသည်။

'အဖွား၊ သားခေါင်းကို အရိုက်ခံရတယ်'

'ဟေ'

လှဲနေရာမှ ကပျာကယာ ထထိုင်မိသည်။ နံရံပေါ်မှ မီးခြစ်လေးကို ယူပြီး၊ ဖယောင်းတိုင်တိုလေးကို အမြန်ထွန်းလိုက်မိသည်။ မြေးလေးက ဟန်မဆောင်နိုင်တော့ပဲ ဖျာပေါ်မှာ လှဲချလိုက်သည်။

'ဒီနေ့ ဆင်မင်းဈေးဘက်မှာ စစ်သားတွေနဲ့ ကြံ့ဖွံ့ကောင်တွေက လူတွေကို သေနတ်တွေနဲ့ ပစ်၊ တုတ်တွေနဲ့ ရိုက်ကြတယ် အဖွား'

'ဘယ်လိုဖြစ်ရတာလဲ မြေးလေးရယ်'

'သားက ဈေးရောင်းနေတာပါ။ ဆန္ဒပြစစ်ကြောင်း ရောက်လာတော့ သားလဲ တခြားလူတွေလိုပဲ အားပေးတာပေ့ါ။ အဲဒီမှာ စစ်သားတွေနဲ့ ကြံ့ဖွတ်ကောင်တွေက ရှေ့နောက်ညှပ်ပြီး လူမှန်သမျှကို ဆီးရိုက်ပြီးတာ။ ထွက်ပြေးတဲ့လူတွေကိုလဲ သေနတ်နဲ့ ပစ်တယ်။ သားတောင် အပြေးကောင်းလို့ လွတ်လာတာ'

'ဖက်ဆစ်တွေ၊ ကြေးစားစစ်သားတွေ။ ပြည်သူကို ဒုက္ခပေးပြန်ပြီ'

အဖွားနှုတ်က နာကြည်းစွာ ပွင့်အန်လိုက်သော စကားလုံးများ ထွက်ပေါ်လာသည်။

'ခေါင်းအရမ်းမူးတယ် အဖွား'

' ဖြစ်မှဖြစ်ရလေ မြေးလေးရယ်။ အဖွား ဆရာဝန် သွားပင့်ပေးမယ်နော်'

မြေးလေးက ခေါင်းကို ဖြည်းဖြည်းလေးခါသည်။

'ပိုက်ဆံမရှိဘူး အဖွား။ သားမှာ ပိုက်ဆံ နည်းနည်းလေးပဲ ကျန်တာ။ ဒီနေ့ည အဖွားစားဖို့ ဘာမှ ပါမလာဘူး။ နံနက်ကျမှ ဒီပိုက်ဆံလေးနဲ့ မုန့်ဟင်းခါး သွားစားနော် အဖွား'

မြေးလေးက အိတ်ထဲမှ ပိုက်ဆံအနွမ်းလေးများကို ထုတ်ပြီး အဖွားလက်ထဲ ထည့်ပေးသည်။

'အဖွားအတွက် ဘာမှ စိတ်မပူနဲ့နော်။ မြေးလေး အခု ခေါင်းမူးနေတယ်မလား။ အိပ်လိုက်နော်။ မနက်ကျရင် ကောင်းသွားမှာပါ'

မြေးလေးရဲ့ နဖူးပေါ်က ဆံစလေးများကို သပ်ပေးရင်း အဖွားရဲ့ မျက်လုံးက မျက်ရည်များ စီးကျလာသည်။ မြန်မာတမျိုးသားလုံးဆီမှာ စစ်ကျိန်စာများ သင့်နေလေလျော့သလား။ ဒီအတိုင်းပဲ အဖွားတွေးမိသည်။ အဖွားရဲ့ အတွေးစများကတော့ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော် အချိန်ကာလဆီသို့။

(၂)

အချိန်ကား- ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ။
နေရာကား- ပဲခူးရိုးမ အနောက်ခြမ်းဒေသ။

'သခင်သိန်းမြင့်ကို ဖက်ဆစ်တွေ မိသွားပြီ။ သူနဲ့အတူ ကြေညာစာတမ်းတွေပါ မိသွားတယ်'

'ဘာစာတမ်းလဲဗျ'

'ဖတပလ အဖွဲ့ချုပ်ကြီးက ထုတ်ဝေလိုက်တဲ့ နယ်ချဲ့ဖက်ဆစ်ဒမြ ဂျပန်လူရိုင်းများကို မောင်းထုတ်ကြ ဆိုတဲ့ ကြေညာစာတမ်း အမှတ် (၁) ပဲ'

'ဒါဆိုဘယ်လိုလုပ်ကြမလဲ'

'ကျုပ်တို့တွေ ကိုယ်ယောင်ဖျောက်ပြီး၊ အခုလုပ်နေတဲ့ ပြောက်ကျား အခြေခံဒေသ ဖော်ထုတ်ရေးနဲ့ ပြောက်ကျား တပ်ဖွဲ့ဖွဲ့စည်းရေးတွေကို အရှိန်မြှင့် လုပ်ကြဖို့ လိုတယ်။ စစ်တပ်ကို ဂျပန်တွေက မျက်စိ ဒေါက်ထောက်ကြည့်နေတာ။ လှုပ်ရှားဖို့ ခက်တယ်။ ကျုပ်တို့ ကွန်မြူနစ်ပါတီက ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းတွေကို မြေအောက်တော်လှန်ရေး နည်းနာတွေနဲ့သာ ကြိုမလုပ်ထားရင် ဒီတော်လှန်ရေးကြီးကို ဆင်နွှဲဖို့ မလွယ်ဘူး။ ကျေးရွာတွေမှာ ပေးနေတဲ့ စစ်သင်တန်းတွေက တဆင့် တော်လှန်ရေးအင်အားတွေကို ကျစ်ကျစ်လျစ်လျစ် စုဆောင်းထားကြဖို့ လိုတယ်။ လုံခြုံရေးလဲ ဂရုစိုက်'

အတွင်းခန်းမှာ ဆွေးနွေးနေကြတာ ဆိုပေမယ့် ထရံတချပ်သာ ခြားသည်မို့ တဘက်ခန်းမှ ပြောဆိုသံများကို အေးမ တယောက် အတိုင်းသား ကြားနေရပါသည်။ အသက် (၁၅) နှစ်အရွယ်၊ ကျေးတောသူ တယောက်အနေနဲ့ နားလည်သည်လဲ ရှိ၊ နားမလည်သည်လဲ ရှိ။ သို့ပေမယ့် ဖက်ဆစ်ကို ဆန့်ကျင်ရမည်

ဆိုသည့် အသိတရားကတော့ ဘဝပေးအသိ ဖြစ်နေခဲ့ပြီ။ ကျေးရွာသူ၊ ရွာသားများအပေါ်တွင် အနိုင်ကျင့်ဗိုလ်ကျနေသော ဖက်ဆစ်လူရမ်းကားများကို မြင်ရလေတိုင်း အေးမ ရင်ထဲတွင် နင့်နေအောင် ခံစားခဲ့ရသည်။

'သမီး။ အဖေ ခရီးထွက်စရာ ရှိတယ်။ အရာရာတိုင်းမှာ သတိရှိပါစေ။ အဖေနဲ့ ဆက်သွယ်ချင်ရင် ရွာဦးကျောင်း ဆရာတော်ကို သွားလျှောက်'

အဖေတခု၊ သမီးတခု ဘဝပေးမယ့် အဖေ့ခရီးကို အေးမ မတားဖြစ်။ တတိုင်းပြည်လုံး ဖက်ဆစ်လက်အောက်က လွတ်မြောက်ဖို့ အရေးမှာ မိသားစုအရေး အတွက် အဖေ့ကို နောက်ဆံ မတင်းစေချင်ပါ။

'လိုအပ်ရင် သမီးလဲ တိုက်ပွဲဝင်မယ် အဖေ။ သမီးအတွက် အဖေစိတ်ချပါ'

အဖေက အေးမကို တချက်စိုက်ကြည့်ပြီး၊ ချာကနဲလှည့်ကာ သူ့ရဲဘော်များနှင့်အတူ ထွက်ခွာသွားခဲ့သည်။ ဤသည်မှာ အဖေနဲ့ နောက်ဆုံး ဆုံတွေ့ခဲ့ရတာ မှန်း သူမ ကြိုမသိခဲ့ပါ။ ဖက်ဆစ်တော်လှန်ရေးကာလမှာ သူမတို့ နယ်ဘက်က ဖြတ်သွားသော ဂျပန်စစ်ကြောင်းကို တိုက်ခိုက်ရင်း ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားခဲ့သည့် သတင်းကိုသာ တော်လှန်ရေးအပြီး ရွာကိုပြန်လာသော အဖေ့ရဲဘော်များထံမှ ကြားခဲ့ရပါတော့သည်။

(၃)

အချိန်ကား - (၁၉၅၆) ခုနှစ်၊ မတ်လ။
နေရာကား- ပဲခူးရိုးမ အနောက်ခြမ်းဒေသ။

'ငါတို့က ဒီတခါတော့ ပွဲပြီးပြီ ထင်တာကွ။ ကွန်မြူနစ်ပါတီကလဲ ၅၅ လမ်းစဉ်ကို ချထားပြီ။ ပမညတ ကလဲ ငြိမ်းချမ်းရေး တောင်းဆိုနေပြီ။ ဖဆပလ က ဘာထကြောင်တာလဲ'

ကိုသာဒင်ရဲ့ စကားသံကြောင့် အေးမ ခေါင်းထောင်သွားမိသည်။ အေးမလဲ ဒီအဖြေကို ကြားချင်ပါသည်။ အေးမရဲ့ ငယ်ချစ်ဦး ကိုချစ်ဖေက ဗမာပြည် ကွန်မြူနစ်ပါတီဝင်။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ ထွက်သွားပြီး နောက်ပိုင်းမှာ ရွာသို့ တခါတရံသာ ပြန်ရောက်လာတတ်သည်။ အချစ်ရေးထက် စစ်ရေးကို အလေးပိုရမည့် အချိန်မို့ အတူနေဖို့ အရေးကို မတွေးဖြစ်ကြသေး။ အသက်တွေကသာ တစတစ ကြီးလို့ လာနေသည်။

'အဲဒါပြောတာပေါ့ကွ။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ၅၅ လမ်းစဉ်ကို ဖော်ဆောင်နေတဲ့ ကွန်မြူနစ်ပါတီကိုကျတော့ လက်နက်ကိုင်ပုန်ကန်နေတဲ့ သောင်းကျန်းသူ အဖွဲ့လို့ သမုတ်တယ်။ ပြည်တွင်းစစ် ရပ်စဲရေးကို တောင်းဆိုနေတဲ့ ပမညတကို ကျတော့ မြေပေါ်ကွန်မြူနစ်အဖွဲ့လို့ သမုတ်တယ်။ ဖဆပလ က ကျတော့ တတိုင်းပြည်လုံးမှာ သောင်းကျန်းရမ်းကားခဲ့တဲ့ ခါးပိုက်ဆောင်တပ်တွေကို ပျူစောထီးဆိုပြီး အမည်ပြောင်းဖွဲ့တယ်။ တရားဝင် လက်နက်ကိုင် ရမ်းကားခွင့်တွေ ပေးလိုက်တယ်။ ဒီနှစ်ဦးမှာပဲ အောင်မာဃ စစ်ဆင်ရေးကြီးကို စပြီး ဆင်နွှဲပြန်တယ်။ ငြိမ်းချမ်းရေး အသံကို စစ်သံနဲ့ ဖုံးလွှမ်းပစ်လိုက်တာပဲ။ ဒါတွေကို ကြည့်ရင် ဖဆပလရဲ့ သဘောထားအမှန်ကို တွေ့နေရပြီကွ။ ဖဆပလ လုပ်နေတာ ငြိမ်းချမ်းရေးမဟုတ်ဘူး။ အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းတွေအားလုံးကို ခေါင်းမထောင်နိုင်အောင် ထိန်းချုပ်ပြီး သူတို့ အာဏာတည်မြဲရေးကို လုပ်နေတာပဲ'

'ဒါကြောင့်လဲ လာမယ့် ဧပြီလမှာ ကျင်းပမယ့် ပါလီမန် ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးမှာ 'ဖဆပလ ကြီး အနှစ်လေးဆယ် အာဏာတည်စေရမယ်' ဆိုတဲ့ ကြွေးကြော်သံကို ကြွေးကြော်ပြီး စည်းရုံးနေတာပေါ့။ ပြည်တွင်းစစ်ဘေး သင့်နေကြတဲ့ ပြည်သူတွေကိုမှ အားမနာပါးမနာကွာ။ အာဏာတည်မြဲရေး ကြွေးကြော်နေကြတာ'

'ငါကတော့ ပမညတရဲ့ ကြွေးကြော်သံကို ကြိုက်တယ်။ ပြည်တွင်းစစ်မုချ ရပ်စဲရမယ်လို့ ကြွေးကြော်ထားတာ။ ဒီအခြေအနေအတိုင်းဆိုရင် လူထုက ပမညတကိုပဲ မဲပေးမှာပဲကွ။ ပမညတပဲ နိုင်လိမ့်မယ်'

'မထင်နဲ့ကွ။ ဖဆပလ က အာဏာရှိတဲ့ အစိုးရလေ။ သူတို့ အာဏာစက်ရယ်၊ ပျူစောထီးတွေရယ်ကို သုံးပြီး ဖဆပလကိုယ်စားလှယ် အနိုင်ရရေးကို ကလိန်ကကျစ် လုပ်ကြမှာပဲ'

'ဒါဖြင့် စစ်တပ်ကကော ဘာလုပ်မယ် ထင်လဲ။ ကြားနေမယ်လို့ ပြောနေတယ် မဟုတ်လား'

'မထင်စမ်းပါနဲ့ကွာ။ စစ်တပ်မှာက ဆိုရှယ်လစ်အနွယ်ဝင်တွေ အများကြီးပဲ။ ငြိမ်းချမ်းရေးဆိုတာကိုလဲ စစ်ခေါင်းဆောင်တွေက လက်ခံချင်ကြတာ မဟုတ်ဘူးလို့ ကြားတယ်။ သူပုန်နဲ့ မဆွေးနွေးဘူး ဆိုတာမျိုးပေါ့ကွာ'

'တင့်လွင်ရေ၊ မင်းကတော့ သတင်းစုံတယ်ကွာ။ တို့ရွာမှာ မင်းလို လူတယောက် ရှိနေလို့ နိုင်ငံရေးနဲ့ မျက်ချေမပြတ်ရတာ'

'ကျုပ်တို့ရွာက နိုင်ငံရေးနဲ့ မဝေးပါဘူး။ မျက်နှာဖြူကောင်တွေကို ချခဲ့တဲ့ လူတွေလဲရှိတာပဲ။ အေးမအဖေတို့လို ဖက်ဆစ်ကို အသက်ပေး ဆန့်ကျင်သူတွေလဲ ရှိတာပဲ။ ချစ်ဖေတို့လို ကွန်မြူနစ်တွေလဲ ရှိတာပဲ။ တင့်လွင်တို့လို မြို့ကို အရောက်အပေါက်များတဲ့ လူတွေလဲ ရှိတာပဲ'

အဖေ့အကြောင်း၊ ချစ်သူအကြောင်းတွေ ပြောကြတော့ အေးမ မျက်နှာလေး ငယ်သွားရသည်။ ကွန်မြူနစ်ပါတီက ငြိမ်းချမ်းရေး လမ်းစဉ်ချမှတ်သည် ကြားရတော့ အေးမမှာ ဝမ်းသာလိုက်သည် ဖြစ်ခြင်း။ အခုတော့ ငြိမ်းချမ်းရေးဆိုတာ တဘက်က လိုလားရုံနဲ့ မပြီးပဲ အခြားတဘက်ကပါ လိုလားမှသာ ရနိုင်သည့်အရာ ဆိုတာကို အေးမသဘောပေါက်သွားပါပြီ။

'ချစ်ဖေဆိုလို့ ဒီကောင်ကြီးကို သတိရလိုက်တာကွာ။ ခုဘယ်ရောက်နေလဲ မသိဘူး'

'အေးမပြောဖို့လဲ ထားပါဦးကွာ။ ဒီတခါ လာရင်တော့ တခါတည်းသာ လိုက်သွားတော့ အေးမရေ၊ ခု ရွေးကောက်ပွဲမှာလဲ ဖဆပလပဲ နိုင်ချင်နိုင်သွားမှာ။ ဖဆပလသာ နိုင်သွားရင်တော့ ငြိမ်းချမ်းရေးနဲ့ ဝေးပြီ။ နင်တို့လဲ နီးတော့မှာ မဟုတ်ဘူး'

'ကိုအေးနိုင်ကြီးကလဲတော်။ ပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့။ အေးမလဲ ဆုံးဖြတ်ထားပြီး ပါပြီ။ ဒီတခါ သူလာရင်တော့ တခါတည်းပဲ လိုက်သွားတော့မယ်'

ငြိမ်းချမ်းရေး မလိုလားတဲ့ ကြေးစား စစ်သားတွေနဲ့ တိုက်ပွဲဝင်ရင်း ကျဆုံးသွားသည်မို့ ကိုချစ်ဖေတယောက် ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်သည်ကိုသာ အေးမ ကြိုသိနိုင်ခဲ့ပါလျှင်။

(၄)

အချိန်ကား- (၁၉၇၄) ခုနှစ်၊ ဇွန်လ (၆) ရက်။
နေရာကား- ရန်ကုန်မြို့၊ ဆင်ခြေဖုံးရပ်ကွက်တနေရာ။

'အေးမရေ၊ ဒီနေ့ည ငါ့ကို မမျှော်နဲ့။ ငါပြန်လာချင်မှ ပြန်လာမှာ'

'ဘာဖြစ်လို့လဲ ကိုသာဒင်ရယ်။ မထိတ်သာ မလန့်သာ ရှိလိုက်တာ'

အိမ်ထောင်ဦးစီး လင်ယောကျ်ားဖြစ်သူက ပြောလာတာမို့ အေးမ လန့်သွားရသည်။ ငယ်ချစ်ဦးနှင့် လွဲခဲ့ရပြီး နောက်ပိုင်းမှာ ရွာမှ ကိုသာဒင်နှင့် အိမ်ထောင်ကျခဲ့သည်။ ကလေးလေး တယောက်ရလာတော့ ကိုသာဒင်က သားလေးရေ့ရေးအတွက် ရန်ကုန်မြို့ကြီးကို ပြောင်းမည်ဆိုသည်။ ဒီလိုနဲ့ ရန်ကုန်ရောက်လာတော့ လက်လုပ်လက်စား ဘဝမှာ ရှုန်းကန်လှုပ်ရှားကြရင်း ကိုသာဒင်က ဆင်မလိုက်သဘော်ကျင်းမှာ အလုပ်ရသည်။ နိုင်ငံရေးနဲ့ မျက်ချေမပြတ်သူမို့ အလုပ်သမားအကြားတွင် ကိုသာဒင်ရဲ့ အမည်က ရေပန်းစားသည်။ အေးမတို့ရဲ့ တဲအိမ်လေးမှာ လာစုရင်း အလုပ်သမားအခွင့်အရေး ဆိုတာတွေကို ပြောဆိုတတ်ကြသည်။ အသေးစိတ်ကို နားမလည်ပေမယ့် တနေ့တခြား ကျပ်တည်း ဆင်းရဲနေတဲ့ လက်တွေ့ဘဝမှာ ဆုံးရှုံးနေတဲ့ အခွင့်အရေးတချို့ ရှိနေတယ်ဆိုတာကိုတော့ အေးမ နားလည်နေမိပါသည်။ အခုတလော ကိုသာဒင်တို့ ပြောနေတဲ့ မြစ်ငယ်မီးရထား စက်ခေါင်းပြင်စက်ရုံက အလုပ်သမားလှုပ်ရှားမှု ဆိုတာတွေ၊ ရေနံမြေအလုပ်သမား လှုပ်ရှားမှု ဆိုတာတွေများ ရန်ကုန်ကို ကူးစက်လာလေ့ရော့သလား။

'တော် အိမ်မပြန်လာမှာ ဟိုကိစ္စတွေနဲ့များ ဆက်စပ်နေသလားဟင်'

လင်ယောကျ်ားဖြစ်သူအား မရဲတရဲနှင့် မေးမိသည်။

'ဘယ်ကိစ္စတွေလဲ အေးမရ'

'ဟိုကိစ္စတွေလေ။ တော်တို့ ပြောနေတဲ့ အလုပ်သမားလှုပ်ရှားမှု ဆိုတာတွေ'

'ဟုတ်တယ်အေးမ။ မနေ့တုန်းက ရန်ကုန်က မီးရထား အလုပ်သမားတွေ အင်းစိန်ဘက်ကို ချီတက်သွားကြတယ်လို့ သတင်းကြားရတယ်။ တို့သင်္ဘောကျင်းထဲမှာ ဒါပဲ ပြောနေကြတာပဲ။ ဒီနေ့တော့ တခုခု ထူးမှာ သေချာတယ်။ သပိတ်ဖြစ်လာရင် ငါလဲ ဝင်ပါမယ်။ အလုပ်သမားတွေ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်မယ်။ ဒါကြောင့် ဒီနေ့ည ငါအိမ်ပြန်လာချင်မှ လာမယ်လို့ ပြောတာ'

'ရပါတယ်တော်။ အများအတွက် အရေးပဲ။ အေးမ အားပေးပါတယ်။ သားရေ။ မောင်အေးချမ်း။ သားအဖေ အလုပ်သွားတော့မယ်။ လာနှုတ်ဆက်လိုက်ဦး'

ဘာလိုသဘောကြောင့် ဒီလိုတွေ လုပ်ဖြစ်ခဲ့တာမှန်း အေးမ မသိပါ။ သို့ပေမယ့် အိမ်ထဲမှာ အိပ်နေသော သားလေးကို နံနက်အစောကြီးနိုးပြီး အဖေကို နှုတ်ဆက်ဖို့ ပြောဖြစ်ခဲ့တာတော့ သေချာသည်။

ကိုသာဒင်ထွက်သွားတော့ အေးမလဲ တနေ့တာအတွက် ပြင်ဆင်ရသည်။ တောရွာကတက်လာပေမယ့် မြို့ရောက်တော့လဲ မြို့နဲ့အညီ လှုပ်ရှားရုန်းကန်ရပြီ။ ယောကျာ်းလုပ်စာနဲ့တင် အိမ်အတွက် မဖူလုံတော့။ ဒါကြောင့် ဈေးထဲသွားပြီး စက်ချုပ်ဆိုင်များမှ လက်ချုပ်ထည်များကို လိုက်ကောက်ပြီး အိမ်မှာ တနိုင်တပိုင် အလုပ်လုပ်ရသည်။ ဒီနေ့တော့ အင်းစိန်ဈေးထဲက ယူလာသော ချုပ်ထည်များကို လက်စသပ်ပြီး ပြန်သွားပို့ရမည်။

နေ့လည်ပိုင်းတွင် ဈေးသို့သွားမည်ဆိုပြီး ထွက်လာသော အေးမတယောက်မှာ ဈေးသို့မရောက်။ အင်းစိန်လမ်းမကြီးပေါ်တွင် လျှံကျနေသော ကြွေးကြော်သံများက အေးမ စိတ်တို့ကို ဆွဲညှို့ယူသွားသည်။

ဆန်လုံလောက်စွာ ရရှိရေး - ဒို့အရေး၊ ဒို့အရေး
လုပ်ခွင်သက်သာချောင်ချိရေး- ဒို့အရေး၊ ဒို့အရေး
ကုန်ဈေးနှုန်းကျဆင်းရေး - ဒို့အရေး၊ ဒို့အရေး
အလုပ်သမားကောင်စီ- ဖျက်သိမ်းပေး၊ ဖျက်သိမ်းပေး

အလုပ်သမားထုကြီး၏ ညီညီညာညာ တောင်းဆိုလိုက်သော ကြွေးကြော်သံများက အင်းစိန်လမ်းမကြီးပေါ်တွင် လျှံကျလို့နေသည်။

အေးမရောက်နေသော နေရာနှင့် အနီးဆုံးမှ စက်ရုံရှေ့သို့ သွားကြည့်လိုက်မိသည်။ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ။

စက်ရုံထဲမှ အလုပ်သမားများက ဂိတ်ဝမှနေပြီး သပိတ်တရားများ ဟောနေကြသည်။ လူများကလဲ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အလုပ်သမားကြီး တယောက်ရဲ့ အလုပ်လုပ်ရင်း ထမင်းငတ်နေရသော ဘဝမှာ ဆန်လုံလောက်စွာရဖို့ တောင်းဆိုနေရခြင်း ဖြစ်ကြောင်း ပြောနေတာကို ကြားရတော့ မိသားစုအားလုံး ဝဝလင်လင် စားဖို့ ဘယ်တော့မှ အလုံအလောက် မရှိနေသော အိမ်မှ ထမင်းအိုးလေးကို သွားသတိရမိသည်။

ကုန်ဈေးနှုန်း ကျဆင်းရေးကို တောင်းဆိုသော အလုပ်သမားများရဲ့ ကြွေးကြော်သံများကိုလဲ နှစ်နှစ်ခြိုက်ခြိုက် ထောက်ခံလိုက်မိသည်။ တယောက်ပြီး တယောက် သပိတ်တရားတက်ဟောသူများကို ကြည့်နေမိရင်း ကိုသာဒင်ကို သတိသွားရမိပြန်သည်။ ကိုသာဒင်လဲ ဆင်မလိုက်သင်္ဘောကျင်းမှာ ဒီလိုပဲ တရားတက်ဟောနေပြီလား မသိ။

'ဟဲ့။ ဟိုမှာ စစ်ကားတွေ လာနေကြပြီတော့'

မြို့ထဲဖက်က စစ်ကားတွေ တန်းစီဝင်လာကြတာမို့ လူထုထဲ တယောက်တပေါက် ပြောနေကြသံတွေ ထွက်လာသည်။ ရှေ့ဆုံးကားပေါ်မှ စစ်သားများက ကြေးစား စစ်သားများပီပီ ခံစားချက်မပါသော ကျောက်ရုပ်မျက်နှာများဖြင့် ကားပေါ်မှ တဖွဲဖွဲ ဆင်းလာကြသည်။ အသင့်အနေအထားနဲ့ လှံစွပ်တပ် သေနတ်များကို ကိုင်ပြီး ရင်ဘောင်တန်း ရပ်နေကြပေမယ့် လူထုကြီးက နောက်ဆုတ်မသွား။ အလုပ်သမားခေါင်းဆောင်ရဲ့ သပိတ်တရားသံများကို ဆက်လက်နားစွင့်နေကြသည်။

ပြည်သူ လူထုကြီးနဲ့ အလုပ်သမားထုတို့ တသားတည်း ဖြစ်သွားသည်။ အန္တရာယ်အနံ့ကို ရနေပေမယ့် အေးမ တယောက် ဆက်ပြီး ရပ်နေမိသည်။ လူအုပ်ကြီးကလဲ တစထက်တစ ပိုပြီး များလာသည်။

မကြာပါ။ လိုင်ရဲစခန်းထဲက ပုလိပ်တွေ ထွက်လာပြီး အေးမတို့ လူအုပ်ကြီးကို ဘယ်ညာဝင်ရိုက်တော့တာကြောင့် အားလုံးဝရုန်းသုန်းကားတွေ ဖြစ်ကုန်သည်။ သေနတ်နှင့် ပစ်သံများလဲ ကြားရသည်။ သူမနားက လူအုပ်ကြီးကတော့ ဆောက်လက်စတိုက်က အုတ်နီခဲတွေကောက်ပြီး စစ်သားတွေကို ပြန်ပစ်ကြသည်။

ရုတ်ရုတ်သဲသဲကြားမှာ ပြေးရင်းလွှားရင်း ဖက်ဆစ်တော်လှန်ရေးကာလကို အေးမ ပြန်သတိရသွားမိသည်။ တကယ်ဆို ဒီကြေးစားစစ်သားတွေဟာ ဖက်ဆစ်လူရမ်းကားတွေထက်တောင် ပိုပြီး ယုတ်မာ မိုက်ရိုင်းသေးတာပဲ။ လက်နက်မဲ့ ပြည်သူလူထုကြီးများကို သေနတ်နဲ့ ပစ်သတ်ကြရတယ်လို့။ မြန်မာပြည်သူလူထုကြီးဟာ လူမျိုးခြားဖက်ဆစ်တွေကိုတောင် ရရာလက်နက်စွဲပြီး ညီညီညွတ်ညွတ်နဲ့ တော်လှန်ခဲ့ကြသေးတာပဲ။ ဘာဖြစ်လို့များ ကိုယ့်အမျိုးသားထဲကနေ အသားထဲက လောက်ထွက်သလို ပေါ်လာတဲ့ ဖက်ဆစ်ကြေးစားစစ်သားတွေကိုကျမှ တမျိုးသားလုံး ညီညီညွတ်ညွတ်နဲ့ ရရာလက်နက်စွဲပြီး မတော်လှန်ကြရသေးတာလဲ။ ပြေးရင်းလွှားရင်း တွေးနေမိသည်။

ကိုသာဒင်အတွက်လဲ စိတ်ပူမိသည်။ သင်္ဘောကျင်းဘက်မှာကော ဘာတွေ ဖြစ်နေပြီလဲ မသိ။ ကိုသာဒင် အိမ်ပြန်လာတဲ့နေ့ကျတော့မှပဲ အကြောင်းစုံ မေးရပေတော့မည်။

တညှ၊ နှစ်ည။

ကိုသာဒင့် ပြန်အလာကို အေးမ စောင့်မျှော်နေမိသည်။ သို့ပေမယ့် ကိုသာဒင်ကား ပေါ်မလာခဲ့။ ကိုသာဒင့် သူငယ်ချင်း တယောက်သာ ရောက်လာသည်။ အေးမ သိချင်သော သင်္ဘောကျင်းက အလုပ်သမား လှုပ်ရှားမှုအကြောင်းကိုလဲ သူကပဲ ပြောပြခဲ့ပါသည်။

'မထင်ထားဘူး မအေးမ ရာ။ ဒီလောက် ရက်စက်လိမ့်မယ်လို့။ လက်နက်မဲ့ အလုပ်သမားတွေကို ကွန်မင်ဒိုတပ်တွေနဲ့ ဝင်စီးပြီး ပစ်သတ်ကြတာ။ သင်္ဘောကျင်းက လမ်းတွေပေါ်မှာ သွေးတွေ စွေးစွေးနီနေတာပဲ။ ကိုသာဒင်ကြီးက အလုပ်သမား ရဲဘော်ကောင်း တယောက်ပါဗျာ။ ဒီသပိတ်တိုက်ပွဲမှာ အသက်စွန့်ပြီး ပါဝင်သွားခဲ့တယ်'

အေးမရဲ့ မျက်ဝန်းမှ မျက်ရည်တသွင်သွင် စီးကျလာရုံမှတပါး ဘာများ ပြောနိုင်ပါဦးမည်နည်း။

(၅)

အချိန်ကား- ၁၉၈၈ခု၊ အောက်တိုဘာလ
နေရာကား- ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်တနေရာ။

'အမေ။ ကျွန်တော် တောခိုတော့မယ်'

စက်တင်ဘာလမှာ စစ်တပ်က အာဏာသိမ်းပြီး ရှစ်လေးလုံးပြည်သူ့ အရေးတော်ပုံကြီးကို ဖြိုခွင်းပြီးကတည်းက သားဆီက ဒီလို စကားသံကြားရတော့မယ် ဆိုတာ သူမ သိနေခဲ့သည်။ သားနဲ့ ချွေးမတို့ တိုးတိုးကြိတ်ကြိတ် စကားတွေ ပြောနေကြတာကိုလဲ ရိပ်မိသည်။

ရှစ်လေးလုံး အရေးတော်ပုံကြီး ထွက်ပေါ်လာချိန်မှာ သားက လုပ်သားကောလိပ် တက်နေဆဲ။ ရုံးတရုံးမှာ အောက်တန်းစာရေး ဝင်လုပ်ရင်း မိသားစုတာဝန်ကို ထမ်းနေပေမယ့် ပညာရေးကိုလဲ ဆက်ကြိုးစားနေသည့် လုပ်သားကျောင်းသား။ သားရဲ့ ပါရမီဖြည့်ဘက် ဇနီးသည်လေးကလဲ ယောကျ်ားဖြစ်သူရဲ့ ပညာရေးကိုပါ အားပေးသည်။ စက်ချုပ်ရင်း မိသားစုရဲ့ ဝန်ကို တဘက်တလမ်းကနေ ဝိုင်းထမ်းပေးခဲ့သည်။

အရေးတော်ပုံကြီး ဖြစ်လာတော့ ယုံကြည်ချက်တူ၊ ခံစားချက်တူကြသည့် ပွင့်တူရွက်တူများဖြစ်သည်မို့ လင်မယားနှစ်ယောက်လုံး တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။ လင်ယောကျ်ားဖြစ်သူက အရေးတော်ပုံက မွေးဖွားပေးလိုက်သည့် အလုပ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများမှာ ချိတ်ဆက်လက်တွဲရင်း တော်လှန်ရေးတာဝန် ထမ်းဆောင်နေချိန်တွင် ဇနီးသည်ကလဲ အိမ်ရဲ့ စားဝတ်နေရေး အခြေအနေကို တဘက်က ထိန်းကျောင်းရင်း အိမ်ရှင်မများ သမဂ္ဂ တခုတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ အရောင်အသွေးစုံဖြင့် လူထုတိုက်ပွဲ အထွေထွေ သပိတ်ကြီးအတွင်းမှာ စီးမျောလာခဲ့သော သမဂ္ဂများမှာလဲ အစုံအလင်။ လူထုတရပ်လုံး လက်တွဲပြီး သွေးမုန်တိုင်းထဲမှာ စီးမျောခဲ့ကြသည်။ စနစ်ဆိုးကို တိုက်ဖျက်ခဲ့ကြသည်။
'သား၊ ဆုံးဖြတ်ပြီးပြီလား။ အမေက လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ ခရီးကြမ်းကို မဖြတ်ခဲ့ဖူးပေမယ့် ဖြတ်သန်းခဲ့သူတွေရဲ့ အနီးဆုံးမှာ ရှိနေခဲ့ဖူးတယ်။ ပင်ပန်းမယ်၊ ဆင်းရဲမယ်။ လိုအပ်ရင် အသက်စွန့်ရလိမ့်မယ်'

'သားဆုံးဖြတ်ပြီးပြီ အမေ။ လူထုတိုက်ပွဲ တခုတည်းနဲ့ ဒီစစ်ခွေးတွေကို နိုင်အောင် မတိုက်နိုင်ဘူးဆိုတာ သားသိသွားပြီ။ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင် တော်လှန်ရေးကို ဟန်ချက်ညီ ပေါင်းစပ်နိုင်အောင် ကြိုးစားကြရမယ်'

သားဆီက ခိုင်မာသော ဆုံးဖြတ်ချက် စကားသံကို ကြားရပြီးချိန်မှာ ချွေးမ မျက်နှာကို လှမ်းကြည့်မိသည်။

'သမီးရဲ့ သဘောကကော။ သားရဲ့ ရင်သွေးလေးကိုလဲ သမီးလွယ်ထားရတယ် မဟုတ်လား။ မိသားစု တာဝန်ကို မကျေပြွန်နိုင်တော့မယ့် ခင်ပွန်းသည် တယောက်ကို သမီးရဲ့ စိတ်ထဲက ကြည်ကြည်ဖြူဖြူ ရှိနေနိုင်ပါ့မလား။ အမေ့မြေးလေး ကြီးပြင်းလာချိန်ကျမှ မင်းအဖေ တာဝန်မကျေဘူးလို့ ပြောဆိုမှာကို အမေ စိုးရိမ်မိတယ်'

'အမေရယ်။ ကိုအေးချမ်းက မိသားစုတာဝန်ကို မယူချင်လို့ ရှောင်ဖယ်စွန့်ခွာသွားတာမှ မဟုတ်တာပဲ။ မိသားစုအရေးထက် ပိုပြီး အရေးကြီးတဲ့ တိုင်းရေး ပြည်ရေး တာဝန်ကို ထမ်းဆောင်ဖို့ ထွက်ခွာသွားတာပဲ။ သမီး ကျေနပ်တယ် အမေ။ အများမိုးခါးရေသောက်တိုင်း လိုက်မသောက်ပဲ ရေကြည်တပေါက် အများကို တိုက်နိုင်ဖို့ ကြိုးပမ်းမယ့် ခင်ပွန်းသည်ကို သမီးရွေးချယ်နိုင်ခဲ့တယ်။ ဒီအတွက်လဲ သမီးဟာသမီး ကျေနပ်တယ်။ မွေးလာမယ့် ကလေးလေးကိုလဲ တကိုယ် ရေဘဝ တိုးတက်ရေးအတွက် တော်လှန်ရေးလမ်းကြောင်းကို စွန့်ခွာရှောင်ဖယ်တာမျိုး မလုပ်ခဲ့တဲ့ ဖခင်ရဲ့ လုပ်ရပ်အပေါ် ဂုဏ်ယူနားလည်တတ်တဲ့ ကလေး လေး ဖြစ်လာအောင် သမီး လေ့ကျင့်ပျိုးထောင်ပေးမယ်'

သားနဲ့ ချွေးမကို ကြည့်ပြီး ဒေါ်အေးမ အားရလှသည်။ ဘဝတလျှောက်လုံးမှာ ဖြတ်သန်းခဲ့ရတဲ့ ဖက်ဆစ်စနစ် တိုက်ဖျက်ရေး တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ ကုန်ထုတ်လုပ်ရေးထဲက တိုက်ပွဲ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲအဆက်ဆက်မှာ ဖခင်၊ ချစ်သူ၊ လင်ယောကျ်ားတို့ရဲ့ အသက်တွေကို စတေးခဲ့ရပြီးပြီ။ ဘာပဲဖြစ်ဖြစ် သားတယောက်ကျန်သေးသည်။ မပြီးသေးတဲ့ တိုက်ပွဲလမ်းကြောင်းတွေပေါ်က တိုက်ပွဲဝင်အလံကို သားက ဆက်ပြီး သယ်ဆောင်ပေလိမ့်ဦးမည်။

(၆)

အချိန်ကား- ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ
နေရာကား- သာယာဝတီထောင်။

တသက်နဲ့တကိုယ် သာယာဝတီထောင်သို့ လာရလိမ့်မည်ဟု ဒေါ်အေးမ တခါမှ မတွေးခဲ့မိ။ လယ်သမားခေါင်းဆောင် ဆရာစံကို နယ်ချဲ့တွေက ကြိုးပေး သတ်ခဲ့တဲ့ ထောင်၊ ပြည်သူ့ဒီမိုကရေစီအရေးအတွက် တော်လှန်ခဲ့ကြတဲ့ တော်လှန်ရေးသမားပေါင်းများစွာကို ဖမ်းဆီးချုပ်နှောင်ခဲ့တဲ့ထောင်။

အခုတော့ ဒီလို သမိုင်းအစဉ်အလာရှိတဲ့ သာယာဝတီထောင်ကို သူမလာခဲ့ရပြီ။ ဒီထောင်ထဲမှာ သူမရဲ့ ချွေးမ မဝင်းမာကို စစ်အစိုးရက ဖမ်းဆီးချုပ်နှောင် ထားသည်မှာ နှစ်နှစ်ကျော်ခဲ့ပြီ။ ရှစ်လေးလုံးအထိမ်းအမှတ်စာ ဖြန့်ဝေမှု၊ တောတွင်း အဖွဲ့များနှင့် ဆက်သွယ်မှုတဲ့။ ရန်ကုန်မြို့၊ ဆင်ခြေဖုန်း ရပ်ကွက်က သူမ တို့ တဲအိမ်လေးကို ရှေ့တန်းက သူပုန်စခန်း တခုနှယ် လက်နက်ကိုင်စစ်သားများနဲ့ လာဝိုင်းပြီး မဝင်းမာကို လာဖမ်းသွားခဲ့ကြသည်။ ဒီတုန်းက မြေးလေးက ကိုးနှစ်အရွယ်လေးပဲ ရှိသေးသည်။ အမေကို လာဖမ်းသည့် ကြေးစားတွေကို မဖမ်းဖို့ ဒူးထောက်ငိုယို တောင်းပန်နေသည့် ကလေးငယ်လေးရဲ့ ရင်ဝကို စစ်ဖိနပ်နှင့် ဆောင့်ကန်သွားခဲ့သည့် ဒီမြင်ကွင်းကို ဒေါ်အေးမ ရင်ထဲက ဘယ်လို ဖျောက်ရမည်မှန်းပင် မသိ။

မြေးလေးနဲ့အတူ ဘဝကို ဆက်ရုန်းကန်ဖို့ အရေး ဈေးတောင်း ခေါင်းပေါ်ရွက်ရသည်။ အသက် ခြောက်ဆယ်ကျော်အရွယ် ဇရာရဲ့ ဖိထောင်းခြင်း ဒဏ်ကို ဒေါ်အေးမ ဂရုမစိုက်နိုင်ပါ။ မြေးလေးကို ကျောင်းထားဖို့အရေး၊ ထမင်းနပ်မှန်ဖို့အရေး၊ ချွေးမလေးကို ထောင်ဝင်စာ ပုံမှန်သွားတွေ့ဖို့ အရေးတွေအတွက် ကျား ကုတ် ကျားခဲ ကြိုးစားရုန်းကန်ရတော့သည်။ သို့ပေမယ့် ဒေါ်အေးမ အားမလျှော့ပါ။ အားမလျှော့သေးသရွေ့၊ မျှော်လင့်ချက်ရှိနေသေးသရွေ့ ဘယ်တော့မှ မ ရှုံးသေးဘူးလို့ ငယ်ချစ်ဦး ကိုချစ်ဖေက အကြိမ်ကြိမ်၊ အခါခါ ပြောခဲ့ဖူးသည်။ စနစ်ဆိုးခေတ်ဆိုးက ဘယ်လောက်ပဲ နှိပ်စက်ကလူပြုပြု၊ ဒေါ်အေးမ လုံးဝ အားမလျှော့။ ထောင်ဝင်စာ ပုံမှန်တွေ့နိုင်အောင် ကြိုးစားခဲ့သည်။

ဒီကြားထဲမှာမှ သမီးလေးလို ချစ်ရသော ချွေးမလေးကို အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ပြောင်းလိုက်ကြပြန်သည်။

ခရီးက ဝေးသွားပေမယ့် သမီးလေး အားမငယ်စေရ။ ထောင်ဝင်စာသွားတွေ့ဖို့ ခက်သွားပေမယ့် မဖြစ်၊ ဖြစ်အောင် သွားဖို့ကိုတော့ ခြစ်ခြုတ်ပြီး ပိုက်ဆံစု

ရသည်။

'ဒုက္ခခံလို့ အမေရယ်၊ ဒီအထိများ လိုက်လာရတယ်လို့'
'အမေ မပင်ပန်းပါဘူး သမီးရယ်။ ပိန်သွားလိုက်တာကွယ်။ နေထိုင်ကောင်းရဲ့လား'

အကျဉ်းထောင်ထဲမှာ ပိတ်လှောင်ချုပ်နှောင်ခံနေရသော သမီးလေးကို အဆင်ပြေရဲ့လားလို့တော့ ဒေါ်အေးမ မေးမထွက်ရက်ပါ။ မွဲခြောက်ခြောက် အသားအရေ၊ ခန္ဓာကိုယ် ခပ်ပိန်ပိန်က သက်သေပြနေခဲ့ပြီပဲ။ ဒါပေမယ့် သမီးလေးရဲ့ မျက်လုံးလေးတွေကိုတော့ ဒေါ်အေးမ အားရသည်။ ဒီမျက်ဝန်းလေးတွေထဲမှာ အနိုင်မခံ၊ အရှုံးမပေးလိုတဲ့ စိတ်အားမာန်တွေ၊ မျှော်လင့်ချက်တွေ ရှိနေဆဲ။

'သမီးအတွက် စိတ်မပူပါနဲ့ အမေ။ သားလေးရော နေကောင်းရဲ့လားဟင်'

'မြေးလေးက နေကောင်းပါတယ်။ ကျောင်းစာလဲ ကြိုးစားတယ်။ ကျန်းမာရေးကိုသာ ဂရုစိုက်နော်သမီး'

ရတဲ့ အချိန်တိုလေးအတွင်းမှာ စကားလေးတွေ ပြောဖြစ်ကြသည်။ သို့ပေမယ့် ထောင်ဝင်စာမှာ ယူလာတဲ့ ပစ္စည်းလေးတွေထဲမှာ မြေးလေးရဲ့ ကျောင်းအားရက် စပယ်ပန်းကုံး ရောင်းရင်း စုထားတဲ့ ပိုက်ဆံလေးတွေနဲ့ ဝယ်ထည့်ပေးထားတဲ့ ခေါက်ဆွဲခြောက်ထုပ်လေးတွေပါ ပါလာတယ်ဆိုတာကိုတော့ ဒေါ်အေးမ ပြောမပြရက်ခဲ့ပါ။

တယောက်အပေါ် တယောက်က ညှာတာရင်း ပြောမထွက်ခဲ့သော စကားတချို့ကလဲ ရှိနေပါသေးသည်။ ဒေါ်အေးမကလဲ ချွေးမကို မြင်တွေ့ရတော့ သားမောင်ကို သတိရသလို၊ မဝင်းမာကလဲ ကိုအေးချမ်းကို သတိရနေခဲ့ပါသည်။ သို့ပေမယ့် စိတ်မကောင်း ဖြစ်မှာစိုး၍ ကိုအေးချမ်းအကြောင်းကို ချန်ရစ်ထားခဲ့ကြသည်။

ပြည်သူလူထုကို ရန်သူလို သဘောထားသော စစ်အာဏာရှင်စနစ်ကို တော်လှန်ရင်း တနင်္သာရီစစ်ဒေသမှာ ကိုအေးချမ်း ကျဆုံးသွားခဲ့ပြီဆိုတာကို ထောင်မကျခင် ကတည်းက တော်လှန်ရေး အဆက်အသွယ်များမှ တဆင့် မဝင်းမာက သိနေခဲ့ပြီးသားပေမယ့် ဒေါ်အေးမကို ဖွင့်မပြောဖြစ်ခဲ့။ ဖခင်၊ ချစ်သူနဲ့ ခင်ပွန်းသည်တို့တုန်းက အတွေ့အကြုံတွေက ဘဝနဲ့ ရင်းပြီး ရှိခဲ့သူမို့ သားဖြစ်သူရဲ့ အပြန်ခရီးကိုလဲ မဝံ့မရဲ ဖြစ်နေမိတာကို ဒေါ်အေးမကလဲ မဝင်းမာကို ဖွင့်မပြောဖြစ်ခဲ့။

နောက်ဆုံးတော့ အချိန်စေ့ပြီမို့ ဖွင့်မပြောဖြစ်သော ရင်ထဲက စကားသံလေးများကို ကိုယ်စီသိမ်းဆည်းရင်း လမ်းခွဲဖြစ်ခဲ့ကြပြန်သည်။

နောက်တကြိမ် ပြန်မဆုံနိုင်တော့မယ့် မမြင်နိုင်သော ကံကြမ္မာအချိုးအကွေ့တခုက လက်တကမ်းမှာ စောင့်ကြိုနေပြီ ဆိုတာကိုတော့ ကြိုမသိခဲ့ကြ။

သာယာဝတီသို့ နောက်တခေါက်ထပ်သွားနိုင်ရန် မြေးအဖွားနှစ်ယောက် ပိုက်ဆံစုနေကြဆဲမှာပင် အသည်းရောင်အသားဝါ ရောဂါဖြင့် ထောင်ထဲတွင် ကွယ်လွန်သွားသော မဝင်းမာ၏ သတင်းဆိုး အကြောင်းကြားချက်ကို မျက်ရည်စက်လက်ဖြင့် လက်ခံလိုက်ကြရပါတော့သည်။

(၇)

အချိန်ကား- ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်
နေရာကား- ဆင်ခြေဖုံးရပ်ကွက်တနေရာ။

'မြေးလေး သက်သာရဲ့လား'
အိပ်မောကျနေရာမှ နိုးလာသော မြေးလေးကို မေးမိသည်။

'ဟင်။ အဖွားက အစောကြီး နိုးနေတာလား'

အတိတ်အတွေးများနှင့် တညလုံး ကောင်းကောင်း အိပ်မပျော်ခဲ့တာကို မြေးလေးကို ပြောမပြဖြစ်တော့။

'ခေါင်းမူးသေးလားမြေးလေး'

'မူးတုန်းပဲ အဖွား။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ သားဈေးရောင်းသွားလိုက်ဦးမယ်'

'မဟုတ်တာပဲ မြေးလေးရယ်။ တရက်တလေလေး နားလိုက်ပါကွယ်။ ရှိတဲ့ ပိုက်ဆံလေးနဲ့ အဖွားစားတတ်ပါတယ်။ ညက မြေးလေးပေးတဲ့ ပိုက်ဆံလေးနဲ့ ငါးပိလေး သွားဝယ်ဦးမယ်'

'သားသွားမယ်လေ အဖွား'

မြေးလေးက ကမန်းကတန်းထပေမယ့် ခေါင်းမူးလိုလား မသိ။ ပြန်ယိုင်သွားသည်။

မြေးလေး နေမကောင်းသည်မို့ အဖွား အမြန်ထွက်လာလိုက်သည်။ ခြေလှမ်းများကတော့ နေးကွေးလေးလံလို့နေသည်။

ရပ်ကွက်ထဲက ကုန်ခြောက်ဆိုင်လေးမှာ ငါးပိလေးဝယ်ပြီး အဖွား ပြန်လာခဲ့သည်။ ညက မစားဖြစ်ခဲ့တဲ့ ထမင်းလေးကို ငါးပိနဲ့ လွေးလိုက်ရပေမယ့် စားလို့ သိပ်မဝင်လှ။ မြေးလေးအတွက် စိုးရိမ်လို့နေသည်။ ညနေကျရင်တော့ ရပ်ကွက်ထဲက ဆေးခန်းလေးကို ခေါ်သွားရမည်။

'ဆေးခန်းသွားရင် ပိုက်ဆံလိုမှာပဲ'

ပိုက်ဆံဆိုသော အတွေးလေးက ခေါင်းထဲသို့ ဖြတ်ကနဲ တိုးဝင်သည်။

'မြေးလေး၊ အိမ်မှာပဲ နေနော်။ အဖွား ပြန်လာခဲ့မယ်'

'အဖွားက ဘယ်သွားမလို့လဲ'
'သင်္ဘန်းကျွန်းက မြေးလေး အဖေရဲ့ သူငယ်ချင်း အိမ်ကိုပါကွယ်။ အဖွား မကြာပါဘူး'

သားရှိတုန်း ကတည်းက အိမ်ကို ဝင်ထွက်နေကျ သူငယ်ချင်းတယောက်က အဖွားတို့ မြေးအဘွားကို စောင့်ရှောက်ပေးသည်။ ဆေးဖိုးဝါးခများ ပံ့ပိုးပေးသည်။ ခုလဲ မြေးလေး ကိစ္စ ပြောပြရင် ကူညီမှာပဲလို့ အဖွားတွေးမိသည်။

ဘတ်စ်ကားတတန်၊ ကုန်ကြောင်းတတန်ဖြင့် သင်္ဘန်းကျွန်းဘက်ရောက်လာတော့ အဖွားရဲ့ မြင်ကွင်းထဲသို့ မယုံကြည်နိုင်ဖွယ် ကောင်းလိုက်အောင် ထူးခြားသော မြင်ကွင်းများက တိုးဝင်လာသည်။

ဘေးရန်ခပ်သိမ်း- ငြိမ်းကြပါစေ
ဆင်းရဲခပ်သိမ်း - ငြိမ်းကြပါစေ
နလုံးစိတ်ဝမ်း- အေးချမ်းကြပါစေ

သံဃာတော်များက မေတ္တာပို့ရင်း စီတန်းလမ်းလျှောက်နေသည်ကို ပြည်သူများကပါ ပူးပေါင်းပါဝင်နေကြသည်။

ဘယ်သူ့တွက်လဲ- ပြည်သူ့အတွက်
ပြည်သူ့ဆန္ဒ- ပြည့်ဝပါစေ
ဆိုသော ကြွေးကြော်သံများကလဲ ထွက်ပေါ်လာသည်။

အဖွား မနေနိုင်တော့။ လူထုကြီးနဲ့အတူ ဆန္ဒပြ စစ်ကြောင်းမှာ ပါဝင်ဖို့ ဆုံးဖြတ်လိုက်သည်။ ဆန္ဒပြပွဲပြီးမှ သားသူငယ်ချင်း မောင်မြင့်သူ အိမ်ကိုသွားမည်။ ညနေ ဆေးခန်းဖွင့်ချိန်အမှီ အိမ်ကို အရောက်ပြန်မည်ဟု စဉ်းစားလိုက်သည်။
'လာ၊ အဖွားလာ။ ဟေ့- အဖွားကို တွဲကြ'

လူထုကြီးက အဖွားကို လက်တွဲဖေးမကြသည်။ လူငယ်လေးများက ကူတွဲချီမသွားသည်မို့ တပ်ဦးအနီးသို့အဖွားရောက်သွားသည်။

'ဟိုမှာ စစ်သားတွေဟေ့'

လေးထောင့်ကန်လမ်းမပေါ်မှာ လူထုဆန္ဒပြစစ်ကြောင်းကြီးနှင့် စစ်သားများ၊ လုံထိန်းများ ထိပ်တိုက်တွေ့ကြသည်။

စစ်သားများ၊ လုံထိန်းများက အာဏာရှင်လက်ကိုင်ဒုတ်များပီပီ နံပါတ်တုတ်များဖြင့် လူထုကြီးကို ဝင်ရိုက်ကြသည်။

'အဖွားကို ထမ်းပြေးကြ'

ဖရိုဖရဲ အခြေအနေမှာ လူအများကြား ရောက်နေသော အဖွားကို ထမ်းပြေးဖို့ အော်နေကြသံ ကြားရသည်။ အော်နေသံများဘက်သို့ သွားဖို့ ခြေလှမ်းပြင်စဉ်မှာ ခါးမှာ တချက်၊ ခေါင်းမှာ တချက် နံပါတ်ဒုတ်နှင့် ရိုက်တာကို ခံလိုက်ရသည်။ နံပါတ်ဒုတ်ချက်များက ဆက်ကျလာသည်မို့ အဖွား လဲပြိုသွားသည်။

'အဖွားကြီးကို ရိုက်နေပြီ။ လုပ်ကြပါဦး။ ဟေ့ကောင်တွေ။ မင်းတို့ လူမဟုတ်ဘူးလားကွ။ တိရစ္ဆာန်ကောင်တွေ။ စစ်ခွေးတွေ'

စစ်သားများက အော်နေသူများထံသို့ ပြေးဝင်သွားပြန်သည်။ လူငယ်တချို့က စစ်သားများအလစ်မှာ အဖွားကို ဝင်ဆွဲပြီး ထမ်းပြေးကြသည်။

'သတိထားအဖွား။ ကျွန်တော်တို့တွေ အဖွားကို ဆေးရုံပို့ပေးမယ်'

စစ်သားများ မလိုက်လာသော နေရာရောက်တော့ လူငယ်လေးများက အဖွားကို မြေပေါ်အသာချပေးရင်း ပြောကြသည်။

အဖွား ခေါင်းမှာက သွေးချင်းချင်းနီနေပြီ။

မျက်လုံးများကို အားယူပြီး ဖွင့်ကြည့်မိတော့ မြေးလေးတို့အရွယ် လူငယ်လေးများကို တွေ့ရသည်။

လူငယ်လေးများရဲ့ မျက်နှာများပေါ်က ရဲရင့် ပြတ်သားသော ပုံရိပ်များ၊ မျက်လုံးများထဲက နာကျည်းရိပ်များကို သတိထားကြည့်မိရင်း ခင်ပွန်းသည် ကိုသာဒင် အကြိမ်ကြိမ် ရွတ်ဆိုခဲ့သော စာရေးဆရာ ဗန်းမော်တင်အောင်ရဲ့ စကားလုံးလေးများကို သွားသတိရမိသည်။

လူတယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်း ကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပုခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းရွက်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ

ဒီစကားလုံးလေးများကို အဖွားကြိုးစားပြီး တလုံးချင်း ပြန်ရွတ်သည်။

'အဖွား တာဝန်ကျေပါတယ်နော်'

အဖွားကို ရင်ခွင်ထဲ ပွေ့ထားသော လူငယ်လေးတယောက်ကို လှမ်းမေးမိသည်။

လူငယ်လေးက မျက်ရည်များကြားမှ ပြုံးလိုက်သည်။

'တာဝန်ကျေပါတယ် အဖွား'
လူငယ်လေးရဲ့ တိုးသဲ့သဲ့ အသံလေးအောက်မှာ အဖွား မျက်လုံးများ မှိတ်သွားသည်။

ဖက်ဆစ်စနစ် တိုက်ဖျက်ရေး တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ ကုန်ထုတ်လုပ်ရေးထဲက တိုက်ပွဲ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲစဉ်တွေ ပြည့်လျှံနေတဲ့ ခေတ်ကြီးထဲမှာ ဖြတ်သန်းကျော်လွှားရင်း၊ ခေတ်ကြီးက ပုခုံးပေါ်တင်ပေးလိုက်သော သမိုင်းတာဝန်တွေကို သယ်ဆောင်ထမ်းပိုးရင်း ကြယ်နီတပွင့်ကတော့

လွင့်ကြွေသွားခဲ့ပြီ။

သို့ပေမယ့် ဒီလိုကြယ်နီပွင့်တွေကလဲ သူမနံဘေးမှာ ခြံရံလျက်။

ခင်မမမျိုး (၂၆၊ ၉၊ ၂၀၁၀)